Highlights from DVB Debate's Do CSOs really help Democracy?

Feb 3rd, 2018

# "Do CSOs really help Democracy?

### အရပ်ဖက်အဖွဲ့ အစည်းတွေက ဒီမိုကရေစီအတွက်အထောက်အကူဖြစ်ရဲ့ လား?

"အရပ်ဖက်အဖွဲ့ အစည်းနဲ့ ဒီမိုကရေစီဆိုတာက တကယ်တမ်းတော့ ခေါင်းနဲ့ ပန်းလိုပါပဲ။ ဒီမိုကရေစီ ရှင်သန်ဖို့ အတွက် အရပ်ဖက်အဖွဲ့ အစည်းတွေမပါဘဲ လုပ်လို့ မရဘူး။ အထူးသဖြင့်လက်ရှိ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကာလတွေမှာ အရပ်ဖက်အဖွဲ့ အစည်းတွေရဲ့ အားကို အများကြီး ယူခဲ့ကြရပါတယ်။ "

## မုံရွာအောင်ရှင် အတွင်းရေးမှူး။ ( NLD ဗဟိုသတင်းနှင့်ပြန်ကြားရေး)

---

"ပြည်ထောင်စုအဆင့်မှာ ဗဟိုအစိုးရအနေနဲ့ တော့ သီးသီးသန့် သန့် တော့ အရပ်ဖက်အဖွဲ့ အစည်းတွေအတွက် နေရာပေးတာမျိုးတော့ မတွေ့ ရသေးဘူး။"

## ကိုကျော်စွာဆွေ ။ ဒါရိုက်တာအဖွဲ့ဝင်(Tagung Institute of Political Study)

---

"NLD အစိုးရလက်ထက်မှာ အရပ်ဖက်အဖွဲ့ အစည်းတွေရဲ့ အခန်းကဏ္ဍ ချိနဲ့ သွားတယ်လို့ တော့မဆိုချင်ဘူး။ သို့ သော် တိုးတက်မှုတော့ ရှိမလာဘူး။ ရပ်နေတယ်။ ကျမတို့ အားလုံး နည်းနည်းလေး ဟုန် နေတယ်လို့ တော့ ကျမ မြင်တယ်။ "

## မခင်လေး ။ တည်ထောင်သူ( Traingle Women Support Group)

---

"အရပ်ဖက်အဖွဲ့ အစည်းတွေအနေနဲ့ ပြည်သူလူထုတကယ်အကျိုးရှိတဲ့ အလုပ်ကို လုပ်မှာလား။ သို့ မဟုတ် ပရောဂျက်ချပေးတဲ့အလုပ်ကိုလုပ်ကြမှာလား ဆိုတဲ့ အဲဒီနှစ်ခုကိုပဲရွေးချယ်စရာရှိတယ်။ ပြည်သူလူထုအတွက် တကယ်လိုအပ်တဲ့ လုပ်ငန်းတွေအများကြီးရှိတယ်။ သို့ သော် အလှူရှင်က ဒါကိုမကြိုက်ဘူး။ ဟိုဟာကို

လုပ်ပါလို ့ရွေးချယ် ပေးလိုက်တဲ့ အခါမျိုးမှာ အလျှူရှင်ကြိုက်တာကို လိုက်လုပ်ရမယ်ဆိုရင် တကယ် ပြည်သူလူထု လိုအပ်ချက်ကို ထိရောက်မှုမရှိဘူး။”

**ကိုကျော်ကိုကို။ ဗဟို စည်းရုံးရေးကော်မတီဝင် (ဆိုရှယ်ဒီမိုကရက်တစ်တပ်ဦး)**

---

“အရပ်ဖက်အဖွဲ့ ့အစည်းတွေအနေနဲ့ အလျှူရှင်ပြောသလိုလုပ်မှာလား၊ကိုယ်လုပ်ချင်သလိုလုပ်မှာလား ဆိုတာကတော့ ကျမတို့ ့အရပ်ဖက်အဖွဲ့ ့အစည်းတစ်ဦးချင်းဆီရဲ့ ့ကိုယ်ခံအားနဲ့ ့ပဲဆိုင်တယ်။ ဖြတ်သန်းမှုနဲ့ ့ပဲ ဆိုင်ပါတယ်။”

**မခင်လေး ။ တည်ထောင်သူ( Traingle Women Support Group)**

---

“ပါတီအနေနဲ အရပ်ဖက်အဖွဲ့ အစည်းတွေနဲ့ အမြဲ ပေါင်းနေရမှာပါပဲ။ အားကိုးနေရမှာပဲ။ အစိုးရနဲ့ ပြည်သူ လူထုနဲ့ ၊ အစိုးရနဲ့ လွှတ်တော်နဲ့ ၊ ပါတီနဲ့ ပြည်သူလူထုအတွက်ဆိုရင် CSO ကပေါင်းကူးတံတားပဲ။ ပေါင်းကူး တံတားကို မပျက်အောင်လို့ ကျနော်တို့ လည်းကြိုးစားပါ့မယ်။ ခင်ဗျားတို့ လည်း ကြိုးစားပေးပါ။ “

---

**မုံရွာအောင်ရှင် အတွင်းရေးမှူး။ ( NLD ဗဟိုသတင်းနှင့်ပြန်ကြားရေး)**

---